BURLINGTON SCHOOL DISTRICT

ကျောင်းသားများနှင့်မိသားစုများ။

ကျနော်တို့ကျောင်းများတွင်တက်ရောက်သည့် ကလေးတိုင်း၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးရန် ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးအဖွဲ့က အာမခံပါသည်။ ဘာလင်တန်ကျောင်းတွင် ကလေးတိုင်း အပြည့်အဝ ပါဝင်ခွင့် ရရှိရမည်၊ ဘေးကင်းလုံခြုံမှုရှိရမည်၊ ကလေးတိုင်းအရည်အသွေးမြင့်မားသည့်ပညာရေးကို သင်ကြားခွင့်ရှိ ရမည်ဟု ကျနော်တို့ ယုံကြည်ပါသည်။

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ကျောင်းသားအားလုံးတန်းတူညီမျှရှိရေးကို အာမခံသည်။ ရှုမြင်ပုံ၊ အတွေ့အကြုံနှင့် ယဉ်ကျေးမှုများ မတူကွဲပြားမှုအစုံအလင်ရှိသည့် ကျောင်းသားများ၊ မိသားစုများ၊ ဝန်ထမ်းများ အားလုံးကို ကျနော်တို့ တန်ဘိုးထားပါသည်။ ကျောင်းသားအားလုံးကို ဂုဏ်ယူလေးစားသည့် အနေအထား တခုကို ကျောင်းအုပ်ချုပ်ရေးခရိုင်အတွင်း ကျနော်တို့ ကြိုးစားတည်ဆောက်နေပါသည်။ မတူကွဲပြားမှုသည် တန်ဘိုးတခုဖြစ်သည် ဆိုသည်ကို ကျနော်တို့ တညီတညွတ်တည်း လက်ခံယုံကြည်ပြီး ကျနော်တို့၏အကြီး မားဆုံးအင်အားတခုအဖြစ် ရှုမြင်ပါသည်။

ဤကြေညာချက်ဖြင့် ကျနော်တို့ကျောင်းအုပ်ချုပ်ရေးနယ်မြေ၏ မူပေါ်လစီများနှင့်လုပ်ထုံးလုပ်နည်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

- လူဝင်မှုကြီးကြပ်ရေးအဆင့်အတန်းသတ်မှတ်ချက်အပေါ်မူတည်ခြင်းမပြုဘဲ မည့်သည့်ကျောင်းသား ကိုမဆို ဘာလင်တန်ကျောင်းများက ကြိုဆိုပါသည်။ ကျနော်တို့ အဓိကဦးစားပေးသောအရာမှာ ကျောင်းသား အားလုံး၏ ပညာရေးနှင့်ဘေးကင်းလုံခြုံရေး ဖြစ်ပါသည်။
- ကျနော်တို့အနေဖြင့် ကျနော်တို့ကျောင်းသားများ (သို့မဟုတ်) မိသားစုဝင်များ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အဆင့်အတန်းသတ်မှတ်ချက်နှင့်ပတ်သက်သည့် မည်သည့် သတင်းအချက်အလက်များကိုမှ စုဆောင်းခြင်း၊ သိမ်းဆည်းခြင်း၊ မျှဝေခြင်း စသည်တို့ကို ပြုလုပ်မည် မဟုတ်ပေ။ ကျောင်းသားများ၏ သတင်းအချက်အလက်များကို ကာကွယ်သည့် ကျင့်ထုံးကို ကျနော်တို့ ထိန်းသိမ်းသွားပါမည်။ ကျနော်တို့အနေဖြင့် ကျောင်းသားများ၏ပုဂ္ဂလိကလုံခြုံရေးကို အကာကွယ်ပေးသည့် ဖဟိုအစိုးရ၏ မိသားစုပညာရေးဆိုင်ရာအခွင့်အရေးနှင့်ပုဂ္ဂလိကလုံခြုံမှုအက်ဥပဒေပါ ပြဌာန်းချက်များအတိုင်း လိုက်နာပါမည်။
- ကျောင်းများသို့ လာရောက်ခွင့် (သို့မဟုတ်) ကျောင်းမှတ်တမ်းများမှ သတင်းအချက်အလက်များ ရယူရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့်အကောက်ခွန်စည်းကြပ်မှုအဖွဲ့က တောင်းဆိုမှုမှန်သမျှကို ကျောင်း ကြီးကြပ်ရေးမှူးထံ လွှဲပြောင်းပေးပါမည်။ ဥပဒေအရလိုအပ်လာပါမှ ကျနော်တို့အနေဖြင့် သတင်းအချက် အလက်များ ထုတ်ပြန်ပေးခြင်း (သို့မဟုတ်) ကျောင်းသို့လာခွင့်ပေးခြင်းများ ပြုလုပ် မည် ဖြစ်ပါသည်။
- ပညာရေးအခွင့်အရေး (သို့မဟုတ်) လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ မေးမြန်းလိုသည့် မိသားစုများအတွက် ကျနော်တို့၏လူမှုအသိုင်းအဝိုင်းအတွင်းရှိ ဗားမောင့်ဒုက္ခသည်များ နှင့်ပြန်လည်နေရာချထားရေးအဖွဲ့(VRRP)၊ ဗားမောင့်ဥပဒေအထောက်အကူပြုအဖွဲ့ (VLA)၊ ရွှေ့နေချုပ်ရုံးနှင့်ဗားမောင့်ကွန်ဂရက်ဆိုင်ရာ ကိုယ်စားလှယ်များရုံး အစရှိသည့် ကျွမ်းကျင်မှုရှိသည့် အဖွဲ့များသို့ လွှဲပြောင်းပေးခြင်းဖြင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က သတင်းအချက်အလက်များပေးကာ အကူအညီပေးပါမည်။

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးနယ်မြေအတွင်း သင်တို့ရှိနေသည်မှာ ကျနော်တို့အတွက် ကံကောင်းပါသည်။ ဤသည်မှာ သင်တို့၏အခွင့်အရေးဖြစ်ပါသည်။ သင်တို့ဤနေရာမှာ ရှိနေခြင်းက ကျနော်တို့၏ကျောင်းနယ်မြေနှင့် ဘာလင်တန်မြို့အား တန်ဖိုးတက်စေပါသည်။ ကျနော်တို့အနေနဖြင့် သင်တို့အား နွေးထွေးစွာ ကြိုဆိုပါသည်။

ဘာလင်တန်ကျောင်းအုပ်ချုပ်ရေးအဖွဲ့။